# Mobile Application
# User Guide
# Language - Myanmar

# နိဒါန်း

**iorUp** မိုဘိုင်းအက်ပ်သည် အလုပ်၊ အိမ်ခြံမြေ၊ သတင်းများ အလွယ်တကူ ရှာဖွေရန်၊ကြည့်ရှုရန်နှင့် ပို့စ်များဖန်တီးရန်အတွက် အသုံးပြုရလွယ်ကူသော ပလက်ဖောင်းကို ပံ့ပိုးပေးပါသည်။
အသုံးပြုသူများသည် -

## အသုံးပြုရလွယ်ကူသောအလုပ်အကိုင်ကြော်ငြာပို့စ်တင်ခြင်းနှင့်အလုပ်လျှောက်ခြင်း

အလုပ်ပို့စ်တင်သူများသည် အလုပ်အမျိုးအစားသုံးမျိုး (အထူးကျွမ်းကျင်မှု (Tokutei), အချိန်ပြည့်, အချိန်ပိုင်း) အတွက် အလုပ်အခွင့်အလမ်းများကို အလွယ်တကူကြော်ငြာနိုင်ပြီး၊ အလုပ်လိုသူများသည် အက်ပ်မှတဆင့် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

## လုံခြုံရေးမြှင့်တင်ခြင်း

ခိုင်မာသောအသုံးပြုသူစိစစ်ခြင်းနှင့်အက်မင်အတည်ပြုချက်များဖြင့် စိစစ်အတည်ပြုထားသော ကြော်ငြာများကိုသာ မြင်တွေ့ရပါမည်။

## ပြည့်စုံသော ပရိုဖိုင်များ

အလုပ်လိုချင်သူများသည် CV များတင်နိုင်ပြီး၊ လျှောက်ထားခဲ့သော အလုပ်များကို ပြန်၍ကြည့်နိုင်ကာ၊ မိမိတို့၏ ပရိုဖိုင်ကို အပ်ဒိတ်လုပ်နိုင်ပါသည်။
အလုပ်ပို့စ်တင်သူများကလည်း အလုပ်ကြော်ငြာများကို စီမံခန့်ခွဲနိုင်ပြီး၊ လျှောက်ထားသူများ၏ အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

## အကြောင်းအရာမျှဝေခြင်း

အသုံးပြုသူများသည် အသိပညာမျှဝေခြင်းနှင့် အက်မင်အတည်ပြုချက်ဖြင့် အလုပ်၊ အိမ်ခြံမြေ၊ သတင်းကြော်ငြာများကို မျှဝေနိုင်ပြီး၊ ပိုမိုပြည့်စုံသော ပလက်ဖောင်းကို ဖန်တီးနိုင်ပါသည်။

## အချိန်နှင့်တစ်ပြေးညီ အသိပေးချက်များ

အလုပ်ကြော်ငြာများ၊ လျှောက်ထားမှုအခြေအနေများနှင့် အခြားအကြောင်းအရာများအတွက် အသိပေးချက်များဖြင့် အမြဲအပ်ဒိတ်ရယူနိုင်ပါသည်။

## အသုံးပြုနိုင်မှု

iorUp မိုဘိုင်းအက်ပ်သည်မိုဘိုင်းအမျိုးအစားအမျိုးမျိုးတွင် အလွယ်တကူအသုံးပြုနိုင်ရန် ပြုလုပ်ထားပါသည်။

- **Apple Devices: iOS 13.0** သို့မဟုတ် **13 ထက်ကျော်သောဗားရှင်း**များတွင် အသုံးပြုနိုင်ပါသည်။
- **Android Devices: Android** စမတ်ဖုန်း အများအပြားနှင့်
- ကိုက်ညီပါသည်။

## တပ်ဆင်ခြင်း

### Apple Phone များအတွက်:

- **App Store** တွင် **"iorUp"** ဟု ရှာဖွေပါ။
- အက်ပ်ကို **Install** လုပ်ပါ။

### Android Phone များအတွက်:

- **Google Play Store** တွင် **"iorUp"** ဟု ရှာဖွေပါ။
- အက်ပ်ကို **Install** လုပ်ပါ။

## ဘာသာစကား ရွေးချယ်ရန်

အက်ပ်ကို **Install** ပြီး ဝင်ရောက်သည့်အခါ၊ အသုံးပြုလိုသော ဘာသာစကားကို ပထမဆုံး ရွေးချယ်ပါ။

မှတ်ချက် **: Setting** တွင် သင်နှစ်သက်သော ဘာသာစကားကို အချိန်မရွေး ပြောင်းလဲနိုင်ပါသည်။


iorUp
Choose Your Language
Myanmar-မြန်မာ
Japanese - 日本語
English
Continue


ဘာသာစကားရွေးချယ်ခြင်း

## စာရင်းသွင်းရန် အကောင့်အသစ်ဖန်တီးပါ

အသုံးပြုသူအသစ်ဖြစ်ပါက "အကောင့်အသစ်လုပ်မည်" ကို နှိပ်၍ အီးမေးလ်နှင့် လျှို့ဝှက်နံပါတ် အပါအဝင်လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ပါ။

ပြီးနောက် “စာရင်းသွင်းမည်” ကိုနှိပ်ပါ။





အကောင့်အသစ်ဖန်တီးခြင်း

## Google ဖြင့် စာရင်းသွင်းပါ

**Google** အကောင့်ဖြင့် စာရင်းသွင်းလိုပါက **"Google ဖြင့် စာရင်းသွင်းပါ"** ကို နှိပ်၍ သင့် **Google** အကောင့်ဖြင့် စာရင်းသွင်းနိုင်ပါသည်။




**Google Account ဖြင့် စာရင်းသွင်းခြင်း**

## Guest user အဖြစ် ဆက်လက်ကြည့်ရှုပါ

အကောင့်မရှိဘဲကြည့်ရှုလိုပါက **"အကောင့်မလုပ်ပဲဝင်မည်"** ကို ရွေးချယ်ပါ။ **Guest user** အဖြစ် သင့်အနေဖြင့် **Feed, အလုပ်, အိမ်ခြံမြေ နှင့် သတင်းပို့စ်များ**ကို ကြည့်ရှုနိုင်ပါသည်။


မှတ်ချက် : ပို့စ်များ သိမ်းဆည်းခြင်း သို့မဟုတ် ဖန်တီးခြင်းကိုလုပ်ရန် အကောင့်စာရင်းသွင်းရန်လိုအပ်ပါသည်။








**Guest User အဖြစ်ဝင်ရောက်ခြင်း**




**Guest User အဖြစ်ဝင်ရောက်ခြင်း**

## အကောင့်ထဲ ဝင်ရောက်ခြင်း

သင်သည် မိုဘိုင်းအက်ပ်၏ နောက်ဆုံးဗားရှင်းအတွက် စာရင်းသွင်းပြီးပါက၊ အီးမေးလ်နှင့် လျှို့ဝှက်နံပါတ်ကိုဖြည့်၍ ဝင်ရောက်ပါ။









Sign Up လုပ်ပြီးသောအကောင့်ဖြင့် ဝင်ရောက်ခြင်း

သင်သည် **iOs** ဖုန်းအသုံးပြုသူဖြစ်ပါက **"Apple ဖြင့်စာရင်းသွင်းပါ"** ကိုနှိပ်၍ **Apple ID account** ဖြင့်ဝင်ရောက်နိုင်ပါသည်။




**Apple ID အကောင့်ဖြင့်ဝင်ရောက်ခြင်း**

လျှို့ဝှက်နံပါတ်ကိုမေ့နေပါက “**လျှို့ဝှက်နံပါတ်မေ့နေပါသလား**” ကို နှိပ်ပြီး လျှို့ဝှက်နံပါတ်ကို ပြန်လည်သတ်မှတ်၍ အသစ်တစ်ခု ဖန်တီးနိုင်ပါသည်။







အီးမေးလ် အတည်ပြုခြင်း
thanhtikeaung.dev.mm@gmail.com သို့ပို့သော နံပါတ်၆လုံး ကိုရိုက်ထည့်ပါ
*OTP ကုဒ်မေးလ် သည်တစ်ခါတစ်ရံ Spam Mail သို့ ရောက်နေနိုင်ပါသောကြောင့် Spam Mail တွင်လဲစစ်ပေးပါ။
အတည်ပြုနံပါတ်ကို ထပ်မံပို့ပါ
ဆက်လက်လုပ်ဆောင်မည်

လျှို့ဝှက်နံပါတ်မေ့နေခြင်း


# Feed

သင်တင်ထားသောပို့စ်များအပြင် အခြားသူများမှ တင်သွင်းထားသော အလုပ်၊ အိမ်ခြံမြေ၊ နှင့် သတင်းပို့စ်များကို ကြည့်ရှုနိုင်ပါသည်။




Feed


## သင့်နှစ်သက်သော ပို့စ်များကို သိမ်းဆည်းရန် "**Save**" အိုင်ကွန်ကို နှိပ်ပါ။




**သိမ်းမည်**

အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုရန် "**Notification**" အိုင်ကွန်ကို နှိပ်ပါ။









**အသိပေးချက်များနှင့် မက်ဆေ့ချ်များ**


## အလုပ်များ

- “+” ခလုတ်ကို နှိပ်၍ အလုပ်ပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- "**အလုပ်ပို့စ်တင်မည်**" စာမျက်နှာတွင် အလုပ်၏ အသေးစိတ် အချက်အလက်များကို ဖြည့်စွက်ပြီး “အလုပ်ပို့စ်တင်မည်” ခလုတ်ကို နှိပ်၍ဖန်တီးပါ။








- သင်၏ အလုပ်ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။




**အလုပ်ပို့စ်တင်ခြင်း**


- “**Notification**” အိုင်ကွန်ကို နှိပ်ပြီး အသိပေးချက်များနှင့် မက်ဆေ့ချ်များ ကိုလည်း ကြည့်ရှုနိုင်ပါသည်။




**အသိပေးချက်များနှင့် မက်ဆေ့ချ်များ**

• “**Save**” အိုင်ကွန်ကို နှိပ်ပြီး သင့်နှစ်သက်သော အလုပ်ပို့စ်များကို သိမ်းဆည်းနိုင်ပါသည်။




**သိမ်းဆည်းထားသောပို့စ်**


• အလုပ်ပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




အလုပ်ပို့စ်အသေးစိတ်

• သင့်အလုပ်ပို့စ်တွင် လျှောက်ထားသူများ၏ အရေအတွက်ကိုပို့စ်၏ အောက်ခြေညာဘက်စွန်းတွင် ကြည့်နိုင်ပါသည်။


(ဥပမာ လျှောက်ထားသူ တစ်ယောက်ရှိပြီးပါက အောက်ခြေညာဘက်စွန်း box တွင် “1ယောက်” ဟုပြသနေမည်ဖြစ်သည်။)




လျှောက်ထားသူဦးရေ


- အခြားသူများမှ ပို့စ်တင်ထားသော အလုပ်များကို "**လျှောက်ထားမည်**" ခလုတ်ကို နှိပ်၍ လျှောက်ထားနိုင်ပါသည်။

မှတ်ချက် : သင့်အကောင့်စာရင်းသွင်းရာတွင် CV ကို တင်ခဲ့မည်မဟုတ်ပါက၊ အလုပ်လျှောက်ထားစဉ်တွင် CV ကို တင်ရမည် ဖြစ်ပါသည်။CV မရှိလျှင်လည်း လျှောက်ထားနိုင်ပါသည်။





လျှောက်ထားနိုင်သောအလုပ်

• သင်လျှောက်ထားပြီးသား အလုပ်များမှာ **"လျှောက်ထားပြီး"** ဟု ဖြစ်နေပါလိမ့်မည်။





**လျှောက်ထားပြီးသောအလုပ်**

“**အလုပ်အကိုင်ရှာဖွေပါ**” လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော အလုပ်ပို့စ်များကို ရွေးချယ်ပြီး ရှာဖွေနိုင်ပါသည်။







12:01
sale
အမျိုးအစားများ
အလုပ်အမျိုးအစား
Zen
1 day ago
SALE POSITION - MANR...
Full-time
200,000 ယန်း
Jaskolskiville
လျှောက်ထားမည်
Hnin
21 Feb 2025
Sale
Tokutei
5,000,000 ယန်း
South Evie
လျှောက်ထားမည်


အလုပ်အကိုင်ရှာဖွေခြင်း


## အိမ်ခြံမြေ

- “+” ခလုတ်ကို နှိပ်၍ အိမ်ခြံမြေ ပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- "အိမ်ခြံမြေပို့စ်တင်မည်" စာမျက်နှာတွင် လိုအပ်သော အသေးစိတ် အချက်အလက်များကို ဖြည့်စွက်ပြီး “အိမ်ခြံမြေပို့စ်တင်မည်” ခလုတ်ကို နှိပ်၍ဖန်တီးပါ။

မှတ်ချက် : အိမ်ခြံမြေ ပို့စ်များကို Super User အကောင့်များသာ ဖန်တီးရန် ခွင့်ပြုထားပါသည်။ သုံးစွဲသူပုံမှန်အကောင့်များသည် ဖန်တီးနိုင်မည်မဟုတ်ပါ။


## သင်၏ ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။





## အိမ်ခြံမြေပို့စ်တင်ခြင်း


“**Notification**” အိုင်ကွန်ကို နှိပ်၍ အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုနိုင်ပါသည်။




အသိပေးချက်များနှင့် မက်ဆေ့ချ်များ

**“Save”** အိုင်ကွန်ကို နှိပ်၍ သင့်နှစ်သက်သော အိမ်ခြံမြေ ပို့စ်များကို သိမ်းဆည်းနိုင်ပါသည်။





**သိမ်းဆည်းထားသောအိမ်ခြံမြေပို့စ်**

အိမ်ခြံမြေပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




အိမ်ခြံမြေပို့စ်အသေးစိတ်

**“အိမ်ခြံမြေရှာဖွေပါ”** လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော အိမ်ခြံမြေများကို ရှာဖွေနိုင်ပါသည်။








အိမ်ခြံမြေရှာဖွေခြင်း

# Snap

- “+” ခလုတ်ကို နှိပ်၍ သတင်းပို့စ် အသစ်တစ်ပုဒ် ဖန်တီးနိုင်ပါသည်။
- "Snap ပို့စ်တင်မည်" စာမျက်နှာတွင် လိုအပ်သော အသေးစိတ် အချက်အလက်များကို ဖြည့်စွက်ပြီး “Snap ပို့စ်တင်မည်” ခလုတ်ကို နှိပ်၍ဖန်တီးပါ။


မှတ်ချက် : Snapပို့စ်များကို Super User အကောင့်များသာ ဖန်တီးရန် ခွင့်ပြု ထားပါသည်။ သုံးစွဲသူပုံမှန်အကောင့်များသည် ဖန်တီးနိုင်မည်မဟုတ်ပါ။




Snap ပို့စ်တင်ခြင်း

- သင်၏ ပို့စ်သည် အတည်ပြုခြင်း မပြီးဆုံးခင် **Review** အဆင့်တွင် ရှိနေပါမည်။
- “**Notification**” အိုင်ကွန်ကို နှိပ်၍ အသိပေးချက်များနှင့် မက်ဆေ့ချ်များကို ကြည့်ရှုနိုင်ပါသည်။





အသိပေးချက်များနှင့် မက်ဆေ့ချ်များ

"**Save**" အိုင်ကွန်ကို နှိပ်၍ သင့်နှစ်သက်သော **Snap** ပို့စ်များကို သိမ်းဆည်းပါ။




**သိမ်းဆည်းထားသော Snap ပို့စ်**


**Snap** ပို့စ်တစ်ခုကို နှိပ်၍လည်း အသေးစိတ်အချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။




**Snap ပို့စ်အသေးစိတ်**

“ **Snap ရှာဖွေပါ** ” လုပ်ဆောင်ချက်ကို အသုံးပြုပြီး သတ်မှတ်ထားသော သတင်းများကို ရှာဖွေနိုင်ပါသည်။









Snap ရှာဖွေခြင်း


## In App Chat

- အလုပ်ပို့စ်အသေးစိတ်ရှိ **chat icon** မှတစ်ဆင့် **chat** ထဲသို့ဝင်ရောက်ခြင်း
- အလုပ်ပို့စ်၏ အသေးစိတ်စာမျက်နှာတွင် ရှိသော **Chat icon** ကို နှိပ်ပြီး သင့် **Message**ကို ပို့လိုက်လျှင်၊ အလုပ်ပို့စ်တင်ထားသော ပိုင်ရှင်နှင့် တိုက်ရိုက် **Chat** ဆွေးနွေးနိုင်မည်ဖြစ်သည်။










အလုပ်ပို့စ်အသေးစိတ်ရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း


# အိမ်ခြံမြေပို့စ်အသေးစိတ်ရှိ ဆက်သွယ်ရန်မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း

အိမ်ခြံမြေပို့စ်၏ အသေးစိတ်စာမျက်နှာရှိ “**ဆက်သွယ်ရန်**” ခလုတ်ကို နှိပ်ပြီး ပေါ်လာသော မက်ဆေ့ချ်ပို့သည့်ပုံစံမှ သင့်မက်ဆေ့ချ်ကို ပို့လျှင်၊ ပို့စ်ပိုင်ရှင်နှင့် တိုက်ရိုက် ဆွေးနွေးနိုင်မည့် **chat** တွင် ဝင်ရောက်သွားမည်ဖြစ်သည်။











အိမ်ခြံမြေပို့စ်အသေးစိတ်ရှိ ဆက်သွယ်ရန်မှတစ်ဆင့် chat ထဲသို့ ဝင်ရောက်ခြင်း


## Snapပို့စ်အသေးစိတ်ရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း

Snap ပို့စ်၏ အသေးစိတ်စာမျက်နှာတွင် ရှိသော Chat icon ကို နှိပ်ပြီး
သင့်မက်ဆေ့ချ်ကို ပို့လိုက်သည်နှင့်တပြိုင်နက်၊ ပို့စ်ပိုင်ရှင်၏
chat ဆွေးနွေးမှုသို့ တိုက်ရိုက် ဝင်ရောက်သွားမည်ဖြစ်သည်။








**Snapပို့စ်အသေးစိတ်ရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း**


## chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း

ပင်မစာမျက်နှာ၊ အလုပ်များ၊ အိမ်ခြံမြေ၊ Snap စာမျက်နှာများတွင်ရှိသော Chat icon ကို နှိပ်၍ User ၏ chat list မှတစ်ဆင့် တိုက်ရိုက် Chat ဆွေးနွေးမှုသို့ ဝင်ရောက်နိုင်ပါသည်။






**ပင်မ စာမျက်နှာရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း**





အလုပ်များ စာမျက်နှာရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း




အိမ်ခြံမြေ စာမျက်နှာရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း








**Snap စာမျက်နှာရှိ chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း**

## ပရိုဖိုင်းအသေးစိတ်ရှိ Chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း

မိမိ ဆွေးနွေးလိုသော အသုံးပြုသူ၏ ပရိုဖိုင်းပုံကို နှိပ်၍ ပရိုဖိုင်းအသေးစိတ် စာမျက်နှာသို့ ဝင်ရောက်ပြီး၊ ထိုနေရာရှိ Chat icon မှတစ်ဆင့်လည်း တိုက်ရိုက် Chat ဆွေးနွေးမှုသို့ ဝင်ရောက်နိုင်ပါသည်။








ပရိုဖိုင်းအသေးစိတ်ရှိ Chat icon မှတစ်ဆင့် chat ထဲသို့ဝင်ရောက်ခြင်း


# လျှောက်ထားသူစာရင်းရှိ chat ခလုတ်ကိုနှိပ်၍ ဝင်ရောက်ခြင်း


အခြားသူမှ မိမိ၏ အလုပ်ပို့စ်ကို လျှောက်ထားလိုက်လျှင် မိမိဖုန်းသို့ အကြောင်းကြားချက် (notification) ပေးပို့မည် ဖြစ်သည်။ ထို့နောက် မိမိအကောင့်သို့ ဝင်ရောက်၍ notification icon ကို နှိပ်လျှင်၊ လျှောက်ထားမှုနှင့် ပတ်သက်သော notification message များကို ကြည့်ရှုနိုင်မည် ဖြစ်သည်။ ထို notification message အတွင်းမှ လျှောက်ထားသူစာရင်းကို ကြည့်ရှုနိုင်ပြီး၊ လျှောက်ထားသူများနှင့် တိုက်ရိုက် ဆက်သွယ်နိုင်ရန် chat ခလုတ်ကို နှိပ်၍ chat conversation ထဲသို့ ဝင်ရောက်နိုင်ပါသည်။




5:23
လျှောက်ထားသူစာရင်း
htoo 12. hhhhh
1 min ago
Chat
User 1 Updated
2 min ago
CVကြည့်မည်
Chat


5:23
htoo 12. hhhhh
Hnin Wai
Test Job post
I'm interested in this job
Type message..





လျှောက်ထားသူစာရင်းရှိ chat ခလုတ်ကိုနှိပ်၍ ဝင်ရောက်ခြင်း


## Chat Conversation အတွင်းရှိ Attach File Icon ကို အသုံးပြုပြီး ဖိုင်ပို့ခြင်း


**Attach file icon** ကိုနှိပ်၍ မိမိပေးပို့လိုသော ဖိုင်ကို ရွေးချယ်ပြီး ပို့နိုင်ပါသည်။ ပေးပို့လာသော ဖိုင်အား **Download** မြှားလေးကို နှိပ်၍ **download** လုပ်နိုင်ပါသည်။


မှတ်ချက် : Android ဖုန်းများတွင် ဖိုင်ကို download လုပ်သောအခါ auto download ဖြစ်ပြီး ဖုန်း၏ Files Manager တွင် ဝင်သွားမည် ဖြစ်သည်။ iOS ဖုန်းများတွင်မူကား ဖိုင်ကို download ပြီးပါက “Save to Files” ကို နှိပ်မှသာ Files Manager ထဲသို့ ဝင်ရောက်သွားမည် ဖြစ်ပါသည်။



12:09
Than Hitke Aung Dev
I'm interested in this job
Hello TH
Hello hnin
11:07
Hnin Wai
Job Testing Post
I'm interested in this job
11:25
Hnin Wai
Job For You
I'm interested in this job
12:08
0d3892c187ae0147efa6e4...
8 MB
Type message...


12:09
Than Hitke Aung Dev
I'm interested in this job
Hello TH
Hello hnin
11:07
Hnin Wai
Job Testing Post
I'm interested in this job
11:25
Hnin Wai
Job For You
I'm interested in this job
12:08
0d3892c187ae0147efa6e4...
8 MB
Downloading...


12:09
0d3892c187ae0147efa6e4611b...
Done
iorUp
Mobile Application
User Guide
Language - English
Introduction
The iorCareer mobile app offers a user-friendly platform for Job, Real Estate and Snaps are searching, viewing, and creating posts with ease.
Users can:
User-Friendly Job Posting: Recruiters can easily post job opportunities


12:09
0d3892c187ae0147efa6e4611b...
Done
0d3892c187ae0...
PDF Document · 8.2...
Save to Files
Print
Language - English
Introduction
The iorCareer mobile app offers a user-friendly platform for Job, Real Estate and Snaps are searching, viewing, and creating posts with ease.
Users can:
User-Friendly Job Posting: Recruiters can easily post job opportunities









**Chat Conversation အတွင်းရှိ Attach File Icon ကို အသုံးပြုပြီး ဖိုင်ပို့ခြင်း**

# Chat Conversation အတွင်းရှိ Image Icon ကို အသုံးပြုပြီး ပုံ ပို့ခြင်း

Photo အတွင်းရှိ ရှိပြီးသား ပုံများကို ရွေးချယ်ပြီး အများဆုံး ၁၀ ပုံထိ ပို့နိုင်သလို၊ Camera Icon ကို နှိပ်၍ အသစ်ရိုက်ကူးသည့် ဓာတ်ပုံများကိုလည်း ပို့နိုင်ပါသည်။











Chat Conversation အတွင်းရှိ Image Icon ကို အသုံးပြုပြီး ပို့ခြင်း


Video ဖိုင်ကိုလည်း ပေးပို့နိုင်ပါသည်။




## Chat Conversation အတွင်းရှိ Image Icon ကို အသုံးပြုပြီး Video ဖိုင် ပို့ခြင်း








## Chat Conversation အတွင်းရှိ Audio Icon ကို အသုံးပြုပြီး အသံဖိုင် ပို့ခြင်း

မိမိ ပြောလိုသော အသံဖိုင်ကို Record လုပ်ပြီး အခြားသူထံသို့ ပေးပို့နိုင်ပါသည်။











Chat Conversation အတွင်းရှိ Audio Icon ကို အသုံးပြုပြီး အသံဖိုင် ပို့ခြင်း

# ပရိုဖိုင်

## သင့်ပရိုဖိုင်အသေးစိတ်သို့သွားပြီး အကောင့်၏ ပရိုဖိုင်ဓါတ်ပုံနှင့် ပရိုဖိုင်အမည်ကို အပ်ဒိတ်လုပ်နိုင်ပါသည်။









ပရိုဖိုင်အသေးစိတ်

သင့်ရဲ့ အလုပ်၊ အိမ်ခြံမြေ သို့မဟုတ် သတင်းပို့စ်များကို ပြင်ဆင်လိုသော သို့မဟုတ် ဖျက်လိုသော သင့်၏ပို့စ်သို့ သွားပါ။

ထို့နောက် ဖျက်ခြင်း၊ပြင်ဆင်ခြင်းများပြုလုပ်ရန် ပို့စ်၏ညာဘက်အပေါ်ထောင့်ရှိ လုပ်ဆောင်ချက်အိုင်ကွန်ကို နှိပ်ပါက ဖျက်ခြင်း၊ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။









ပြင်ဆင်ခြင်းနှင့်ဖျက်ခြင်း

မှတ်ချက် : အက်မင်မှ အတည်ပြုပြီးသော ပို့စ်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်ခြင်း မပြုလုပ်နိုင်ပါ။


## သိမ်းဆည်းထားသော ပို့စ်များ

**"သိမ်းဆည်းထားသော ပို့စ်များ"** ကဏ္ဍတွင်၊ သင်သိမ်းဆည်းထားသော နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ပို့စ်များအားလုံးကို အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ပါသည်။





5:12
98
သိမ်းဆည်းထားသောပို့စ်
အလုပ်အကိုင်
အိမ်ခြံမြေ
Snap
Zen
19 Mar 2025
ဂျပန်နိုင်ငံရှိအိမ်များတွင် အိမ်မွေးတိရစ္ဆာ...
ဒီနေ့ဆွေးနွေးမယ့်အကြောင်းအရာကတော့ အိမ်
ခြံမြေနဲ့ပတ်သက်တဲ့ ခေါင်းစဉ်လေးဖြစ်ပါတယ်။
ကိုယ်က တိရစ္ဆာန်လေးတွေချစ်တတ်တယ်။ အိမ်...



5:14
97
သိမ်းဆည်းထားသောပို့စ်
အလုပ်အကိုင်
အိမ်ခြံမြေ
Snap
Sue Sue
24 Mar 2025
"Galaxy"
Let's talk about Milky Way quick facts:
– Galaxy type: Barred spiral.
– Age: 13.6 billion years (and counting)
Zen
07 Mar 2025


သိမ်းဆည်းထားသော ပို့စ်များ

## CV စီမံခန့်ခွဲမှု

**"CV စီမံခန့်ခွဲမှု"** ကဏ္ဍတွင်၊ သင်သည် မိမိ၏ CV ကိုတင်နိုင်ပြီး သို့မဟုတ် ဖိုင်အသစ်ကိုတွဲခြင်းဖြင့် ရှိပြီးသား CV ကို အပ်ဒိတ်လုပ်နိုင်ပါသည်။








CV စီမံခန့်ခွဲမှု
PDF
Test-CV-1743504279.9455.pdf
396.37 KB. 01 Apr,2025
ဖယ်မည်
CV အပ်ဒိတ်လုပ်မည်
သိမ်းမည်

CV စီမံခန့်ခွဲမှု

## လျှောက်ထားသော အလုပ်များ

**"လျှောက်ထားပြီးသော အလုပ်များ"** ကဏ္ဍတွင်၊ သင်လျှောက်ထားခဲ့သော အလုပ်များစာရင်းကို ကြည့်ရှုနိုင်ပါသည်။





လျှောက်ထားသော အလုပ်များ

## Super User အတွက် လျှောက်ထားခြင်း

**"Super User အတွက် လျှောက်ထားပါ"** ကဏ္ဍတွင်၊ သင့်ရဲ့ ပုံမှန်အသုံးပြုသူအကောင့်ကို Super User အကောင့်အဖြစ် အဆင့်မြှင့်တင်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သင့်အား အိမ်ခြံမြေပို့စ်များနှင့်သတင်းပို့စ်များဖန်တီးခြင်းကိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

**မှတ်ချက်** : Super User အကောင့်အတွက် လျှောက်ထားပြီးနောက်၊ သင့်လျှောက်လွှာသည် စိစစ်ခြင်းအဆင့်တွင် ရှိနေမည်ဖြစ်ပါသည်။ အက်မင်မှ အတည်ပြုချက်ရရှိပါက အကောင့်ကို Super User အကောင့်အဖြစ် အဆင့်မြှင့်တင်ပေးမည်ဖြစ်ပါသည်။










**Super User အား Facebook Account ဖြင့်လျှောက်ထားခြင်း**




**Super User အား Website ဖြင့်လျှောက်ထားခြင်း**





**Super User အတွက် လျှောက်ထားခြင်း**

## Super user ဖြစ်ခဲ့ပြီးပါက Profile image တွင် Crown ပုံလေးအား မြင်တွေ့ရမည် ဖြစ်သည်။





Super User ဖြစ်ပြီးသောအကောင့်

# သတိပေးချက်

သတိပေးချက်များကို သင်ဆန္ဒအတိုင်း ဖွင့်/ပိတ်လုပ်နိုင်ပါသည်။ သတိပေးချက်များကိုဖွင့်ထားပါက သတိပေးချက်များ ဝင်ရောက်လာမည်ဖြစ်သော်လည်း ပိတ်ထားပါက သတိပေးချက်များ ဝင်ရောက်နိုင်မည်မဟုတ်ပါ။








သတိပေးချက်

# အကူအညီနှင့် ဆက်သွယ်ရန်

**"အကူအညီနှင့် ဆက်သွယ်ရန်"** ကဏ္ဍတွင်၊ သင့်အား အကူအညီ လိုအပ်ပါက၊ "အကူအညီနှင့် ဆက်သွယ်ရန်" ဖောင်ကို ဖြည့်စွက်ပြီး **iorUp** ၏ **Customer Support Team** သို့ ပေးပို့ပါ။ ၎င်းတို့သည် သင့်ကို ဆက်လက်အကူအညီပေးရန် အဆင်သင့်ရှိပါသည်။









အကူအညီနှင့် ဆက်သွယ်ရန်

# အခြားအပြင်ဆင်များ

**ဘာသာစကား**

**"ဘာသာစကား"** ကဏ္ဍတွင် သင်၏ ပလက်ဖောင်းကိုအသုံးပြုရန် သင်ကြိုက်နှစ်သက်သော ဘာသာစကားကို ရွေးချယ်ပြီး ပြောင်းလဲနိုင်ပါသည်။











ဘာသာစကား

# ကျွန်ုပ်တို့အကြောင်း

ဤနေရာတွင်၊ ကျွန်ုပ်တို့ကုမ္ပဏီအကြောင်း၊ ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအကြောင်းကို ပိုမိုဖတ်ရှုနိုင်ပါသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် မည်သူများဖြစ်ကြောင်းနှင့် မည်သည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်လိုကြောင်းကိုပိုမိုနားလည်သဘောပေါက်နိုင်မည်ဖြစ်ပါသည်။









ကျွန်ုပ်တို့အကြောင်း

## စည်းကမ်းနှင့် အခြေအနေများ

ကျွန်ုပ်တို့၏ ပလက်ဖောင်းကို အသုံးပြုရာတွင် လိုက်နာရမည့် စည်းကမ်းနှင့် အခြေအနေများကို နားလည်သဘောပေါက်ရန် ဤနေရာတွင် ကျွန်ုပ်တို့၏ စည်းကမ်းနှင့် အခြေအနေများကို အပြည့်အစုံဖတ်ရှုနိုင်ပါသည်။









စည်းကမ်းနှင့် အခြေအနေများ

## လျှို့ဝှက်နံပါတ်ပြောင်းရန်

လျှို့ဝှက်နံပါတ်ပြောင်းလိုပါက လျှို့ဝှက်နံပါတ်အဟောင်းနှင့် လျှို့ဝှက်နံပါတ်အသစ်ဖြည့်စွက်ပြီးနောက်အတည်ပြုလျှို့ဝှက်နံပါတ်အားရိုက်ထည့်ပြီး “**ဆက်လက်လုပ်ဆောင်မည်**” ခလုတ်အားနှိပ်၍ ပြောင်းလဲနိုင်ပါသည်။









လျှို့ဝှက်နံပါတ်ပြောင်းခြင်း

## အကောင့်ဖျက်မည်

အကယ်၍ သင့်အကောင့်ကို ဆက်လက်အသုံးမပြုလိုတော့ပါက၊ ဤနေရာတွင် အကောင့်ကို ဖျက်နိုင်ပါသည်။အကောင့်ဖျက်ရန် သေချာပါက **"ဖျက်မည်"** ကိုနှိပ်၍ မဖျက်လိုပါက **"မဖျက်တော့ပါ"** ကိုနှိပ်ရပါမည်။









အကောင့်ဖျက်ခြင်း

## အကောင့်မှထွက်မည်

သင့်အကောင့်မှ ထွက်ရန် “**အကောင့်မှထွက်မည်**” ခလုတ်ကို နှိပ်ပါ။ ထို့နောက် အကောင့်မှထွက်ရန်သေချာပါက “**ထွက်မည်**” ခလုတ်ကိုနှိပ်ပါ။မ ထွက်လိုပါက “**ပယ်ဖျက်မည်**” ကိုနှိပ်ရပါမည်။









အကောင့်မှထွက်ခြင်း

# အသုံးပြုသူလမ်းညွှန်

ပလက်ဖောင်း၏ အင်္ဂါရပ်များကို အသုံးပြုရာတွင် လမ်းညွှန်မှုရယူနိုင်ရန်နှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဤနေရာတွင် အပြည့်အစုံသုံးစွဲသူ လမ်းညွှန်ကို ဖတ်ရှုနိုင်ပါသည်။




အသုံးပြုသူလမ်းညွှန်